ကျော့ကွင်း

သတင်းရင်းမြစ် > ဆောင်းလူ
ကြာသပတေးနေ့၊ စက်တင်ဘာလ ၂၃ ရက် ၂၀၁၀ ခုနှစ် ၁၉ နာရီ ၀၆ မိနစ်




မာယာများမယ်မကြံနဲ့
ဒါဟာ ...
ကမ္ဘာ့အရပ်ရပ်ကို စိန်တူးဖို့ ထွက်နေတာ မဟုတ်ဘူး။

ခြေချင်းလိမ် တိုက်ပွဲတွေကြားမှာ
မျက်နှာမရတဲ့ ငြိမ်းချမ်းမှု
အာသာပြေနည်းနဲ့ အလံတဝက် ထူပြတာကို
ငါးစာသာမြင်
ငါးမျှားချိတ်အရောင် မေ့တော့တော့ဖြစ်လို့။

မီးခိုးတအူအူနဲ့ ခေတ်ကြီး စနစ်ကြီးက
လမ်းလျှောက်ပုံများ မြန်နေမလား၊
လမ်းလျှောက်ပုံများ နှေးနေမလား၊
မီးလောင်ထားတဲ့ စည်းရိုးတွေမတော့
ဟန်ကျပန်ကျပဲ
လေနဲ့အတူ တလူလူလွင့်လို့။

ကူပါ ကယ်ပါနဲ့

အစွန်နှံ့ပစ်ခံ ကမ္ဘာကြီးထဲမှာ
အမေ့လျော့ခံနေရတဲ့ အဖြစ်။

ဒီတခါ
မယာများသော ကျော့ကွင်း အလှျော့အတင်းနဲ့
စံမရှိတဲ့ စနစ်အတွက်
အထပ်ထပ် ရစ်ရင်း ပတ်ရင်း
သိဒ္ဓိတင်သင့် မတင်သင့်ဆိုတာ ...။ ။□